ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**သစ်တောဦးစီးဌာန**
အမိန့်ကြော်ငြာစာအမှတ်( ၂၅၉ /၂၀၁၇)
၁၃၇၈ ခုနှစ်၊တပေါင်းလဆုတ် ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

**မြန်မာ့သစ်လုပ်ငန်း၊ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှမြန်မာကျပ်ငွေဖြင့်ရောင်းချထားသော သစ်လုံး၊သစ်ခွဲသားများမှထွက်ရှိသည့် သစ်ခွဲသား၊သစ်ပါးလွှာနှင့်အချောထည်များအား ပြည်ပတင်ပို့ခြင်း ကိစ္စနှင့်ပတ်သက်၍ကြေညာချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၀-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ (သစ်တော)၄(၁)/(၀၉)(EC)/(၄၄၆/ ၂၀၁၇)အရ**မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှမြန်မာကျပ်ငွေဖြင့်ရောင်းချ ထားသောသစ်လုံး၊သစ်ခွဲသားများမှ ခွဲစိတ်ထွက်ရှိသည့်သစ်ခွဲသား၊သစ်ပါးလွှာနှင့်အချောထည်များ** အား ပြည်ပတင်ပို့ခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်-

(က) ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှမြန်မာကျပ်ငွေဖြင့်ရောင်းချမည့် သစ်လုံး/ခွဲသားများနှင့် ခွဲစိတ်ရာမှ ထွက်ရှိသည့် သစ်ခွဲသား၊ သစ်ပါးလွှာနှင့်အချောထည်များကို ပြည်ပသို့တင်ပို့ခွင့်မပြုရန်။

(ခ) ဖမ်းဆီးသစ်များနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံး၏၃၀-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊(သစ်တော) ၄(၁)/ ၀၄(ဃ) (၄)/ (၁၇၆၅/၂၀၁၆) ညွှန်ကြားချက်ပါအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားရန်။

(ဂ) ၂၀၁၇ ခုနှစ်၊မတ်လ ၃၁ ရက်နေ့မတိုင်မီမြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ မြန်မာကျပ်ငွေဖြင့် ရောင်းချထားသောသစ်လုံး၊ သစ်ခွဲသားများနှင့် ခွဲစိတ်ရာမှထွက်ရှိသည့် သစ်ခွဲသား၊ သစ်ပါးလွှာနှင့် အချောထည်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြည်ပသို့ တင်ပို့ခွင့်ပြုရန်။

၂။ ယခင်သစ်တောဦးစီးဌာနမှထုတ်ပြန်ခဲ့သည့် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၂၂/၂၀၁၆)အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ်၊ လဝ/အခ/၀၀၇၂ (၃၄၃၇/ ၂၀၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်

D:\8\MTK (2017)\အမိန့်ကြော်ငြာစာ\သစ်ခွဲသား (အမိန့်ကြော်ငြာစာ).doc

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန
ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်
ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်ရေးဦးစီးဌာန
နေပြည်တော်ကောင်စီ/ညွှန်ကြားရေးမှူး၊ ...................... သစ်တောဦးစီးဌာန
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း
ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(မြန်မာနိုင်ငံ ပြန်တမ်းတွင်
ထည့်သွင်းကြော်ငြာပေးပါ
ရန် မေတ္တာရပ်ခံချက်ဖြင့်)

အမိန့်အရ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
{ကျော်ဇော၊ ညွှန်ကြားရေးမှူး (သဘာဝတော/စိုက်ခင်း)}
သစ်တောဦးစီးဌာန